mgyoe.com


# ကိုကို

## စိတ္တဇအကျဉ်းသား

ဝတ္ထုတိုများ

mgyoe.com

mgyoe.com



သဇင်သင်းပြန့်တော့
ပြန့်လာလေ နှောင်းကာမှ
စိတ္တဇ အကျဉ်းသား
လာဘ်ကိုယူ၍ ပေးရခြင်း
အသည်းနှစ်ခု၏ ခြားနားချက်
ဘဝ၏ဆန္ဒ

SHS0023
1,500.00 KS

mgyoe.com

mgyoe.com

စိတ္တဇအကျဉ်းသား ဝတ္ထုတိုများ ကိုကို
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၂၆ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– ကိုကို၏ ကိုယ်ရေးအကျဉ်း (က)

၁။ သဇင်သင်းပြန်တော့ ၁

၂။ ပြန်လာလေ နှောင်းကာမှ ၂၇

၃။ စိတ္တဇ အကျဉ်းသား ၆၂

၄။ လာဘ်ကိုယူ၍ ပေးရခြင်း ၇၇

၅။ အသည်းနှစ်ခု၏ ခြားနားချက် ၈၉

၆။ ဘဝ၏ဆန္ဒ ၁၁၀




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



ကိုကို
(၁၉၂၂-၁၉၉၂)

မြောင်းမြဇာတိ။ ၁၉၂၂ မေ ၂၁ တနင်္ဂနွေဖွား။ အဖ ခရိုင်ထောက်ပံ့ရေးအရာရှိ ဦးထွန်းတင်၊ အမိ ဒေါ်ငြိမ်းရှင်။ မွေးချင်း ရှစ်ယောက်တွင် အကြီးဆုံး။ အမည်ရင်း ဦးကိုကို။ ဝါးခယ်မ အင်္ဂလိပ်–မြန်မာ အလယ်တန်းကျောင်းတွင် ၁၉၃၄–၃၅ ခုနစ်တန်း အောင်သည်အထိ ပညာသင်ပြီး မြောင်းမြအစိုးရ အထက်တန်းကျောင်း၌ ဆက်လက် ပညာသင်သည်။ ၁၉၄၅ တွင် ဆယ်တန်းအောင်သည်။ ၁၉၃၈ တွင်မြောင်းမြခရိုင်ကျောင်းသားသမဂ္ဂ အတွင်းရေးမှူးနှင့် တို့ဗမာအစည်းအရုံး ခေါင်းဆောင်၊ ၁၉၄၀ တွင် ရန်ကုန်သို့ ရောက်လာပြီး **ဆယ်သန်း** သတင်းစာ ညအယ်ဒီတာ၊ ၁၉၄၀–၄၅ တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဗဟိုအလုပ်အမှုဆောင် တာဝန်များယူခဲ့ပြီး ၁၉၄၁–၄၂ တွင် မြောင်းမြခရိုင် မြေအောက်တော်လှန်ရေး လုပ်ငန်း၌ နိုင်ငံရေးနှင့် စစ်ရေး၊ ထောက်လှမ်းရေးတာဝန်တို့ကိုပါ ပူးတွဲထမ်းဆောင်ခဲ့သည်။ ယင်းကာလမှာပင် ကွန်မြူနစ်ပါတီ၏ ပထမဆုံးထုတ် **အရေးတော်ပုံ** စာတမ်းများကို လျှို့ဝှက်ဖြန့်ချိခဲ့၏။ ၁၉၄၄ တွင် အထက်ဗမာပြည် ကွန်မြူနစ် ပါတီဝင်တစ်ယောက် ဖြစ်လာ၏။ ၁၉၄၅ တွင် မန္တလေးခရိုင် ကွန်မြူနစ်ပါတီ ခရိုင်

mgyoe.com

mgyoe.com


ကော်မီတီ တာဝန်ကိုယူခဲ့ပြီး ဖက်ဆစ်တော်လှန်ရေးတွင် ဗိုလ်မှူးဗထူးတပ်၌ နိုင်ငံရေးမှူးနှင့် ဝါဒဖြန့်ချိရေးမှူးတာဝန်များကို ယူခဲ့၏။ တော်လှန်ရေးအပြီးတွင် မန္တလေးခရိုင် ကွန်မြူနစ် ပါတီ ခရိုင်ကော်မီတီတာဝန်ကို ဆက်လက် ထမ်းဆောင်၏။ ၁၉၄၈ တွင် **သတင်းလွှာ** ညနေ သတင်းစာ အယ်ဒီတာ တာဝန်ကို ထမ်းဆောင်စဉ် အဖမ်းခံရသည်။

၁၉၅၂ တွင် လူထုပညာရေးကောင်စီ၌ ဝင် ရောက်အမှုထမ်းရာ ၁၉၅၂–၅၇ အထိ လူထု ပညာရေးမှူး၊ ၁၉၅၇–၅၉ သတင်းဖြန့်ချိရေး အရာရှိတာဝန်များကို ထမ်းဆောင်ခဲ့၏။ ၁၉၆၄ တွင် နိုင်ငံခြားရုပ်ရှင်တင်သွင်းရေး အေဂျင်စီ၌ ရုပ်ရှင်ဇာတ်ကား စီစဉ်ရေးမှူးတာဝန်ကို ယူသည်။ ၁၉၆၇ တွင် ကြီးကြပ်ရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးမှူး၊ ၁၉၆၉ တွင် ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန်ကလေးနှင့် တွဲဖက်ညွှန်ကြားရေးမှူး၊ ၁၉၇၀ တွင် ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်းရုံးချုပ် အုပ်ချုပ်ရေးမှူး၊ ၁၉၇၃ မှ စ၍ ရုပ်ရှင်ကော်ပိုရေးရှင်းထုတ်လုပ်မှုနှင့် ဇာတ်လမ်းစိစစ်ရေး ဒုတိယညွှန်ကြားရေးမှူး တာဝန်တို့ကို ထမ်းဆောင်သည်။

၁၉၄၁ တွင်ထုတ်ဝေသော **ဝတ္ထုညွှန့်ပေါင်း** စာအုပ်ပါ 'ယောက်ျားဆိုတာ' ဝတ္ထုသည် ကိုကို၏ ပထမဦးဆုံးလက်ရာ ဖြစ်သည်။ **ဗိတောက်တွေ ပွင့်ပြန်ပေါ့**(၁၉၄၁)၊ **လင်းလုပါပြီ**(၁၉၅၂)၊ **ခရုအိမ်**(၁၉၆၄)တို့သည် ကိုကို၏ထင်ရှားသော လက်ရာအချို့ဖြစ်၏။ **ခေါင်းလောင်းသံ** (၁၉၆၅) ကို ဘာသာပြန်ခဲ့၏။

၁၈– ၉– ၁၉၉၂ တွင် ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com

# သဇင်သင်းပြန်တော့

## (၁)

မြောက်ပြန်လေညင်း၊ တသုန်မျှဉ်းမျှဉ်း၊ သွင်းလာတတ်သည့်လ...

ဆီးနှင်းဖြိုက်ကျ၊ ခိုက်တုန်တမျှ၊ အေးလာတတ်သည့်လ...

သဇင်ခွာညို၊ ရနံ့ချို၊ ထုံသင်းပျံ့သည့်လ...

နေ့အရောင် ရုပ်သိမ်း၍ ညအမှောင်ဘက်သို့ တိမ်းလာသည်နှင့် မန္တလေးအရှေ့ပြင် မင်းစိုးရာဇာ လူကုံထံတို့၏ ရိပ်သာယာဖြစ်သော နယူးစီဗီလိုင်း ကျောက်လမ်းမကြီးတစ်လျှောက် ကားကြီးကားငယ် အသွယ်သွယ်သို့ ရှေ့ဆင့်နောက်ဆင့် စီရရီ မောင်းလာကြသည်။ ဓာတ်မီးရောင် ထိန်ထိန်ညီးနေသော ဝင်းခြံတစ်ခု၏ ရှေ့၌ကား ရောက်နှင့်ပြီးသော ဇိမ်ခံမော်တော်ကားများမှာ လမ်းဘေးတစ်ဖက်တစ်ချက်တွင် အသီးအသီး နေရာယူပြီးဖြစ်လျက် ကားပေါ်မှ ဆင်းလာကြသူများ၊ ကြိုလင့်ဧည့်ခံသူများ ရှုပ်ယှက်ခတ်နေသည့် ကြားထဲမှ နောက်ထပ်ရောက်လာသော ကားများ၏ နေရာတောင်းခံသည့် ကားဟွန်းသံတို့မှာလည်း ဆူခနဲ ညံခနဲ ဖြစ်နေလေသည်။

mgyoe.com

mgyoe.com


တော်တော်လည်း ခမ်းနား၍ တော်တော်လည်း ပျော်စရာ ကောင်းပုံရ၏။ တစ်ထပ်တိုက်မှ ဆင်ဝင်ရှေ့ရှိ အလံတိုင်ထိပ်မှသည် ခြံဝင်းနှစ်ဖက်သို့တိုင်အောင် သွယ်တန်းထားသော ရောင်စုံ မီးပဒေသာတို့၏ အောက်ဝယ် ညီညာစွာ တိဖြတ်၍ ညှိထားသော မြက်ခင်းပြင်မှာ ပိုးကတ္တီပါ အစိမ်းရင့် ကမ္ဗလာအိအိကြီး ဖြန့်ခင်းထားသကဲ့သို့ အောက်မေ့ရ၏။ ထိုမြက်ခင်းပြင်ကြီး၏ အပေါ်မှာမှ နီ၊ စိမ်း၊ ဝါ၊ ဗုဒ္ဓသရဏ ပန်းရုံကြီးများမှာ အသင့်ခင်းကျင်းပြီးဖြစ်သော ဧည့်ခံစားပွဲဝိုင်းများအကြားဝယ် အကွက်ကျကျနှင့် ကရိကထခံကာ စိုက်ထူထားသလို ဖွင့်ဖွင့်ထွားထွားနှင့် ပွင့်ကား၍ နေကြသည်။

စားပွဲတစ်ဝိုင်းတွင် ဧည့်ပရိသတ် ငါးဦးအတွက် ခင်းကျင်း ပြင်ဆင်ထား၏။ ဒေလီယာနှင့် နှင်းဆီပွင့်ကြီးများ ရောပြွမ်းစိုက်ထိုးထားသော ကြွေပန်းအိုး၊ ရေခဲရေ ထည့်ထားသော ဖန်ချိုင့်၊ ပယင်းရောင် ဖန်ခွက်ပုဝိုင်းဝိုင်းကလေးများ ဖိလျက် ဟံဇားဖြစ် လက်သုတ်ပဝါ



mgyoe.com

mgyoe.com





အကွက်ကလေးများ၊ ၅၅၅ စီးကရက်သံဘူး၊ မီးခြစ် အရန်သင့် ဖြစ်ကြ၏။ ဝတ်ကောင်းစားလှနှင့် ညေ်သည့်တစ်ယောက် ရောက်လာသည်ဆိုလျှင် ခြံဝမှ စောင့်ကြိုလျက်ရှိသော လုံမပျို၊ လုလင်ပျိုကလေးများက ခရီးဦးကြို ပြုကာ လွတ်သောနေရာသို့ ပင့်ဆောင်သွား၏။ နောက် သူ့အတွက် တိုက်ပန်းကန် ပက်ပက်ကြီးဖြင့် အလောတော်မျှ ထည့်ထားသော ကြက်သားအုန်းနို့ဟင်းခေါက်ဆွဲနှင့် ဇွန်း၊ ခက်ရင်း၊ နောက် ရေခဲမုန့်အေးအေး တစ်ခွက်၊ နောက် ကော်ဖီပူပူနှင့် ကိတ်မုန့်မျိုးစုံအလယ်တွင် အရန်သင့် ယူစားနိုင်သော သစ်သီးမျိုးစုံပွဲ။

ညဥ့်အမှောင် ပိုမိုက်လာလေလေ ညေ့်ပရိသတ်များ ပိုမိုစည်ကားလာလေဖြစ်၍ ပိုးရောင်၊ ဖဲရောင် ရောင်စုံမီးပွင့်ရောင်တို့ဖြင့် ပို၍ ပြိုးပြိုးပြောင်ပြောင် ဖြစ်လာလေသည်။ တစ်ဖန် ဆီးရည် နှင်းငွေ့နှင့် စီးကရက်မီးခိုးများ တဝေ့ဝေ့ ဖြစ်လာသောအခါ ပတ်ဝန်းကျင်မှာ မှိုင်းပြပြနှင့် မှုန်မွှားရီဝေလာပေသည်။

"ကြွပါ ခင်ဗျာ၊ ကြွပါ" ဟူသော ဖိတ်ခေါ်သံများ။

"အန်ကယ်ကြီးက တယ်နောက်ကျတာကိုး။ မင်းကတော်တော့ဘာဖြစ်လို့ ခေါ်မလာသလဲ" ဟူသော နှုတ်ဆက်သံများ။

"ဟင်း... လာခေါ်မယ်ဆိုလို့ စောင့်နေလိုက်ရတာ။ သူ လုပ်မှဖြင့်ဒါမျိုးချည့်" ဟူသော ညည်းသံများ။

mgyoe.com

mgyoe.com


"စောစောလာပါဆိုမှ တကတဲ"ဟူသော ပြစ်တင်သံများ ဆူညံဆူညံကြားထဲမှ ခြံထောင့်တစ်နေရာရှိ တီးဝိုင်းမှ မင်္ဂလာတေးသံများကလည်း ကြိုးကြားကြိုးကြား မြိုင်ဆိုင်စွာ ပေါ်လာတတ်သေးပါ၏။

အားလုံးသော အသံဗလံတို့ကို ရုံဖန်ရံခါ လွှမ်းသွားသော သာယာဖွယ် ကျက်သရေရှိလှသော အသံကား တလွင့်လွင့် ဝင့်လာသော ကြေးစည်သံကလေးသာပင် ဖြစ်ပေသည်။

မြန်မာလူမျိုးတို့၏ ရှေးဆန်သလိုလိုနှင့် ခေတ်မီစွာ ပြုလုပ် ကျင်းပလေ့ရှိတတ်သော မိတ်ဆုံပွဲ တစ်ခုကား "ဘုရားကိုးဆူ ဆွမ်းကပ်ပွဲ" ပင် ဖြစ်သည်ဟု ယူဆစရာ ရှိ၏။ သို့သော် လုပ်ရိုးလုပ်စဉ်မို့ လုပ်ခြင်းပဲလား၊ ဗုဒ္ဓဘာသာ တရားတော်အရ မုချပြုလုပ်ရမည့် ဘာသာရေးလုပ်ငန်းတစ်ရပ်ပဲလား ဆိုတာကတော့ အတော်ပဲ စဉ်းစားဖွယ်ရာ ဖြစ်နေပေသည်။ မြတ်စွာဘုရားသခင်အား ဆွမ်းဘောဇဉ် ချိုချဉ်များ ကပ်လှူပူဇော်ရသော အခါကာလမှာ အရုဏ်မှသည် မွန်းမတည့်မီ အချိန်အထိသာလျှင် ဖြစ်ပါလျက်နှင့် ညနေစောင်း ညဉ့်ဦးယံကတည်းက မုန့်မျိုးစုံ၊ ပဲမျိုးစုံ၊ အသီးမျိုးစုံကို ဘုရားရှေ့တော်မှောက်၌ လှလှပပ ပြင်ဆင်ထားပြီးမှ မြတ်စွာဘုရား၏ ရှေ့တော်မှောက်မှာပင် လူတွေက ဆိုကြ၊ တီးကြ၊ ရယ်ကြ၊ မောကြ၊ အဝအပြဲ စားကြသောက်ကြသည်မှာမူ အတော်ပဲ ထူးဆန်းနေသလိုလိုလည်း အောက်မေ့ရ၏။

ထိုမှတစ်ပါး ကိုးဆူသော မြတ်စွာဘုရားများနှင့်အတူ ဂြိုဟ်မင်းနတ်မင်းများအတွက်လည်း တစ်ဆောင်တစ်ယောင် ပြင်ဆင်ထားပြီးလျှင် ဘုရားသခင်များထက်ပင် ဦးလျှင်စောစွာ သံနေသံထား တစာစာဖြင့် ပင့်လျှောက်ဖိတ်ခေါ် ပူဇော်သမှုပြုကြရခြင်း၏ အဓိပ္ပာယ်မှာလည်း အတော်ပင် အတွေးနက်ဖွယ် ဖြစ်ပေသေး၏။ ဗုဒ္ဓဘာသာ တရားတော်နှင့် ဟိန္ဒူနတ်၊ ဟိန္ဒူဗြာဟ္မဏတို့ ရောထွေးယှက်တင် ဖြစ်နေသေးသော

mgyoe.com

mgyoe.com



မျက်မှောက်ခေတ်တွင် ဤမျှ စဉ်းစားဖွယ်ရာကောင်းသည့် ပူဇော်ပွဲ တစ်ခု၏ မူလဖြစ်ပေါ်လာသော ဇာစ်မြစ်ကို သုတေသနလုပ်ရန် ဆိုသည် မှာလည်း အတော်ပင် ရင်လေးဖွယ် ကောင်းလှပါ၏။

မြတ်စွာဘုရားကို အမှူးတည်၍ ဤသို့သော ကပ်လှူပူဇော်ခြင်း ဒါနကိစ္စမျိုးကိုမှ မပြုမလုပ်ရလျှင် ဗုဒ္ဓဘာသာ မပီသတော့မည်ကဲ့သို့ ဘုရားအတွက် ငွေငါးဆယ်၊ ဂြိုဟ်စာ နတ်စာအတွက် ငွေတစ်ရာ၊ သူသူ ငါငါ ပျော်ပျော်ပါးပါး စားကြသောက်ကြ၊ တီးကြမှုတ်ကြ၊ နားအာရုံ ခံစားကြဖို့က ငွေ ၅၀၀ စသဖြင့် အချိုးကျတွက်၍ သူ့ထက်ငါကောင်း အပြိုင်အဆိုင် ပြုလုပ်လေ့ရှိသော ဤပွဲတော်မျိုးသို့ တစ်ခါတစ်ခေါက် ကြွရောက်ခွင့်မရသူများအဖို့မှာလည်း ဗုဒ္ဓဘာသာ မပီသတော့ မည်ကဲ့သို့ ဖြစ်နေတတ်သေး၏။

ဆွမ်းကလေး တစ်ဇွန်း၊ ထန်းလျက်ကလေး တစ်ခဲနှင့် ဘုရား တစ်ဆူကိုသော်မှ အနိုင်နိုင် ကပ်လှူနေကြရရှာသော ဗုဒ္ဓဘာသာဝင် ပေါင်း ဒုနဲ့ဒေးအကြားထဲမှ ဤသို့ ထူးထူးခြားခြား မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ပူဇော်သမှု ပြုနိုင်ကြသူများမှာလည်း အတော်ကိုပင် ထူးသော ပါရမီ ကုသိုလ်ဟုသာ ကောင်းချီးပေးဖွယ်ရာ ရှိနေပေသည်။

အမှန်စင်စစ်တော့ ဤပွဲတော်မျိုးမှာ အတော်ကလေးပင် ခေတ်စား ၏။ သားရေး၊ သမီးရေး၊ အိမ်ထောင်သားမွေး ကိစ္စမျိုးကို ဆွေးနွေးလိုကြ သောအခါဝယ်၊ ဤပွဲတော်မျိုးကို ဦးစားပေးတတ်ကြ၏။ ဖြောင်မလုပ် သင့် မလုပ်ထိုက်သော၊ မလုပ်ဝံ့ မလုပ်ရဲသော နိုင်ငံရေးကိစ္စတစ်ခုခုကို ခေါင်းချင်းရိုက်လိုပါကလည်း ဤပွဲတော်မျိုးကိုပင် အရောင်ပြ ကျင်းပ၍ လူစုတတ်ကြ၏။ လာဘ်ပေးလာဘ်ယူ အရောင်းအဝယ် ကိစ္စမျိုးအတွက် လည်း ဤပွဲတော်မျိုး၌ပင် အပေးအယူ ဈေးဆစ်သမှု ပြုနိုင်ကြကုန်၏။ ဤပွဲတော်မျိုး၌ပင် စက္ခုနှင့် ရူပေန၊ သံဝါသ သွားကြ၏။ ဤပွဲတော်မျိုး

mgyoe.com

mgyoe.com


၌ပင် ဘယ်စစ်ဗိုလ်ကတော်က ဘာကြောင့် ပွသွားတာလဲ၊ ဘယ်သူ ဝတ်ထားတာက ဘယ်လို အတုကြီးပဲ၊ ဘယ်သူ့ကို ကပ်ရင် ဘာရာထူးရမှာလဲ စသော ထင်မြင်ချက်မျိုးစုံကိုလည်း လွတ်လပ်စွာ ဖလှယ်နိုင်ကြကုန်၏။

ထို့ထက် အဆင့်အတန်းမြင့်သော လူကုံထံတို့၏ ဘုရားကိုးဆူပွဲ၌မူ နောက်ပိုင်း သီးသန့်အခန်းတွင်းဝယ် လူစုံတုန်းမို့ တခမ်းတနားသောက်ပွဲ ကျင်းပနိုင်၏။ လူစုံတုန်းမို့ ဘုရားကိုးဆူဆရာ၏ ရွတ်သံဖတ်သံနှင့် ကြေးစည်သံကို နားအာရုံခံရင်း ပိုကာဒေါင်းနိုင်ကြ၏။

သို့သော် တော်ပေသေး၏။ ဖိုနှင့်မ ရင်ချင်းကပ်၊ ပါးချင်းဖက်၍ ရှုပ်တိုက်ကာ ဆော့ကြသော ဆိုရှယ်ပွဲများထက်စာလျှင်ကား ဗမာ့ ယဉ်ကျေးမှု မိတ်ဆုံပွဲတစ်ရပ်အနေဖြင့် လက်ခံနိုင်စရာအကြောင်း ရှိပါ၏။ ထို့ကြောင့်လည်း အနည်းငယ် သိုသိုသိပ်သိပ်ရှိကြသော အထက်တန်းစားတို့၏ လောကဝယ် ဘုရားကိုးဆူ ပူဇော်ပွဲသည် အတော်ကလေး ခေတ်စားလာသည်ဟု ဆိုရပေမည်။

## (၂)

"ဟင်... ဗိုလ်ကြီးပါလား၊ ဗိုလ်ကြီးက ခုလို အရပ်ဝတ် အရပ်စားနဲ့ဆိုတော့ လူတောင်မှားသွားတယ်။ ဟဲ... ဟဲ... လာ... ဗိုလ်ကြီး အိမ်ထဲ အရင်သွားရအောင်"

သွက်လက်ချက်ချာသော မျက်နှာသိ လူငယ်တစ်ယောက်က ဝင်းတံခါးဝနားမှ ဆီးကြိုနှုတ်ဆက်သဖြင့် ကပ္ပတိန် ဘသော်သည် ပြန်၍ ပြုံးရင်း ၎င်းလူငယ်နှင့်အတူ အိမ်ကြီးဘက်သို့ လိုက်လာခဲ့လေသည်။ သူသည် လက်တစ်ဖက်တွင် ဝါဆိုဖယောင်းတိုင်ကြီးနှစ်တိုင်ကို ဆုပ်ကိုင်လျက် အခြားလက်တစ်ဖက်ဖြင့် ချီဇာကိတ်မုန့် လေးထောင့်စက္ကူဘူးကို

mgyoe.com

mgyoe.com


ပိုက်ထားလေသည်။ အမြဲတစေလိုပင် စစ်ဝတ်စုံကို ဝတ်ကာ ကြွားကြွားယားယား သွားလာလေ့ ရှိရသဖြင့် ယခုလို ဘန်ကောက်လုံချည်၊ ပိုးတိုက်ပုံ၊ ကတ္တီပါဖိနပ်တို့ဖြင့် သိမ်သိမ်မွေ့မွေ့ လမ်းလျှောက်ရသည်မှာ သူ့အဖို့ ခပ်တုံ့တုံ့ ဖြစ်နေလေသည်။

အိမ်ပေါက်ဝနားတွင် ရပ်ကာ စကားပြောနေကြသော လူရည်သန့်သန့် သုံးလေးယောက်အနက်မှ တစ်ယောက်က ကပ္ပတိန် ဘသော်တို့ဘက်သို့ လှမ်းကြည့်ရင်း–

"အိုင်ဆေး၊ ကိုတင်ဖေ။ ဟိုက လာနေတာ ကပ္ပတိန် ဘသော် မဟုတ်လား၊ ဒီလူ ပျောက်နေတာ အတော်ကြာသွားပြီ" ဟု ပြောလိုက်ရာ ကိုတင်ဖေကလည်း လှမ်း၍ ကြည့်လိုက်ရာမှ–

"ဟုတ်တယ်ဗျို့ ကိုဘသော်ပဲ။ သူ့မိန်းမ ဆုံးပြီးကတည်းက ဒီလူတစ်မျိုး ဖြစ်နေတယ်။ သူ့မိန်းမက ရက်ရက်စက်စက် ချောတယ်ဗျာ" ဟု ပြောပြောဆိုဆို ကပ္ပတိန် ဘသော်ထံသို့ ရောက်သွားလေသည်။

အနီးအနားက လူအချို့ကလည်း ကိုဘသော်ကိုပင် ဝိုင်း၍ ကြည့်နေမိကြသည်။ အရပ်မှာ မြင့်မြင့်မားမား၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်ရောင့်ရောင့်ဖြစ်၍ မျက်ခုံးမွေး ခပ်ထူထူ၊ မေးရိုးခပ်ထွားထွား၊ နှာတံပေါ်ပေါ်နှင့် အတော်ပင် ယောကျာ်းပီသ ဖျတ်လတ်သွက်လက်ပုံရသည်ဟု ကျိတ်၍ ဝေဖန်မိကြ၏။

ကိုတင်ဖေက သူ့ကို ရင်းနှီးစွာနှင့် ဆီးကြိုကာ လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ဝမ်းသာလိုက်တာ ကိုဘသော်ရာ၊ ခင်ဗျားနဲ့ မတွေ့ရတာ အတော်ကို ကြာသွားပြီပဲ။ လာဗျာ၊ အိမ်ထဲကို၊ ကျွန်တော့်မိန်းမနဲ့လည်း မိတ်ဆက်ပေးရအောင်"

အိမ်ပေါက်ဝမှ ဖြတ်ဝင်လာသူတို့ကို အတွင်းရှိ ဧည့်ပရိသတ်

mgyoe.com

mgyoe.com


တို့က ထူးထူးခြားခြား ဝိုင်း၍ ကြည့်နေကြလေသည်။ မိန်းမဝိုင်း အချို့က လည်း အချင်းချင်း တီးတိုးပြောကြသည်။

"ဒါပေါ့ အစ်မကြီးရဲ့၊ လဲ့လဲ့ရဲ့ ယောကျ်ားဆိုတာလေ။ အို... အစ်မကြီးကလည်း လဲ့လဲ့တောင် မသိဘူးလား။ ရွှေဆိုင်တန်းထဲက လဲ့လဲ့လေ။ ဈေးချိုထဲမှာဖြင့် အချောဆုံးပေါ့။ ပိုက်ဆံကလည်း ချမ်းသာ ပြန်သေး။ ဒီလူကလည်း လူချောလူခန့်တစ်ယောက်ပဲ။ လဲ့လဲ့ကိုလည်း အင်မတန် ချစ်ရှာတယ်။ လဲ့လဲ့ဆုံးတော့ သူ့မှာ ရူးမတတ် ဖြစ်ကျန်ခဲ့ တာပေါ့"

"ဟင်... လဲ့လဲ့က ဆုံးသွားတယ်"

"ဟုတ်တယ်၊ အစ်မကြီးရဲ့။ သစ်ပင်ကိုင်းပေါ်တက်ပြီး ပန်းခူး တာ သစ်ကိုင်းကျိုးကျတာနဲ့ ဇက်ကျိုးပြီး ပွဲချင်းပြီး သေရှာသတဲ့။ ညားပြီး ခြောက်လလောက်ပဲ ရှိပါသေးတယ် အစ်မကြီးရယ်။ သူ့ခမျာ ရင်ကျိုးရှာ တာပေါ့"

ကိုဘသော် ဘုရားရှေ့၌ ဝတ်ချပြီးသည်နှင့် ကိုတင်ဖေက...

"ကိုင်း... ကိုဘသော် ခင်ဗျား ကျွန်တော့်မိန်းမနဲ့ မတွေ့ဖူးသေး ဘူး ထင်တယ်။ ဟောဟိုမှာ ရပ်စကားပြောနေကြတယ်။ လာ သွားကြရ အောင်"

ဟု ပြောရင်း ကိုဘသော်၏ လက်မောင်းကို ဆွဲခေါ်သွားလေ သည်။

ကိုတင်ဖေ၏ဇနီး မေမေတင်မှာ အခန်းထောင့် တစ်နေရာတွင် သူ့ထက် အသက်အနည်းငယ် နုပုံရသော မိန်းမချောကလေး တစ် ယောက်နှင့် ရပ်၍ စကားပြောနေကြခြင်း ဖြစ်၏။ မေမေတင်မှာ ကိုတင် ဖေနှင့် လက်ထပ်ပြီး၍ တစ်နှစ်မျှသာ ကြာသေးသဖြင့် မိမိလင်သား၏ မိတ်ဆွေရင်းချာများအား မိမိ၏ အချောအလှကို ဗန်းပြ၍ ကောင်းတုန်း

mgyoe.com

mgyoe.com


အရွယ်ပင် ဖြစ်သေး၏။ ထို့ကြောင့်လည်း သူတို့ အနားသို့ ရောက်လာလျှင်ပင် ကိုဘသော်အား ဖော်ရွေစွာဖြင့် ပြုံး၍ နှုတ်ဆက်ရှာလိုက်ပါသည်။

သို့သော် ကိုဘသော်မှာ မေမေတင်၏ အနီးတွင် ရပ်လျက်ပင် စကားပြောနေသော မိန်းမပျိုကိုသာ ကြောင်တောင်ကြီး ငေးမောကြည့်နေမိရင်း သူ့မျက်နှာတွင် သွေးများယုတ်ကာ လက်နှစ်ဖက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်၏ အဖြစ်ကို အနီးရှိ ကိုတင်ဖေက အံ့သြစွာ အကဲခတ်လိုက်မိလေသည်။ မိမိ၏ အဖြစ်ကို ချက်ချင်း ရိပ်မိလိုက်သည်နှင့် ကိုဘသော်သည် သူ့ကိုယ်သူ အတော်ပင် ဣန္ဒြေ ပြန်ဆည်လိုက်ပုံရလေသည်။ ကိုတင်ဖေက–

"ကိုင်း... မေ... ကိုကိုတင် ခဏခဏ ပြောနေတဲ့ ကိုဘသော်ဆိုတာလေ၊ အခု ကပ္ပတိန် ဘသော် ဆိုပါတော့" ဟု ပြောရင်း မိတ်ဆက်ပေးလေရာ မေမေတင်ကလည်း–

"ဩော်... ဟုတ်ကဲ့၊ ကိုကိုတင်ကတော့ ကိုဘသော်အကြောင်း တစ်ပြောတည်း ပြောနေတာပါပဲရှင်။ လူချင်း မမြင်ဖူးသေးပေမဲ့ တွေ့ပြီးခင်ပြီးသားလို ဖြစ်နေတာပါပဲ။ ဒါထက် အနှင်း မိတ်ဆက်ပေးရဦးမယ်။ ဒါ ကပ္ပတိန် ဘသော်တဲ့။ ကိုဘသော် ဒါ အနှင်းတဲ့။ ကျွန်မနဲ့ အေဘီအမ်ကျောင်းတုန်းက အတူတူပေါ့" ဟု အနှင်းနှင့်ပါ မိတ်ဆက်ပေးလိုက်သေးပေသည်။

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ်" ဟု အနှင်းကလည်း ကိုဘသော်အား မျက်လုံးကလေး လှန်ကာကြည့်ရင်း ပြုံး၍ နှုတ်ဆက်လေရာ ကိုဘသော်မှာ ခင်မင်နှစ်လိုဖွယ်ကောင်းသော အနှင်း၏ မျက်လုံးညိုကြီးအစုံကိုပင် နှလုံးတုန် ရင်ခုန်စွာဖြင့် ပြန်၍ ငေးကြည့်နေမိသည်။

အနှင်းမှာ ကျောင်းသူအရွယ် ပျိုမျစ်နုနယ်စဉ်အခါက သွေးသား

mgyoe.com

mgyoe.com


ဆူကြွ သန့်ရှင်းစွာ ပြည့်ဝခဲ့သော အလှအပတို့ မပျက်သုဉ်းသေးသော ဘဝအတိုင်းပင် ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်းဖြင့် ချစ်ခင်စရာ ကောင်းနေသေးသော မိန်းကလေးထဲကပင် ဖြစ်၏။ မဝိုင်းလွန်း မသွယ်လွန်းသော မျက်နှာအနေအထားတွင် ဆေးမကူ မင်မသားဘဲ ပြတ်သားစွာ ပေါ်လွင်နေသော မျက်ခုံး ကွေးညွတ်ညွတ်များအောက်မှ နက်မှောင်ကော့ရွန်းသော မျက်တောင်၊ ပြည့်ဝန်းဝင့်ရွဲသော မျက်လုံးညို ကြီးတို့ဖြင့် ဗမာပီပီ ကျက်သရေရှိလှပေသည်။ ပွတ်လုံးတိုက် ရွှေသား ပမာ ဝင်းဝါ၍နေသော လည်တိုင်ကလေးပေါ်တွင် ထုံးဖွဲ့ထားသော ဆံနက်မှောင်တို့ကလည်း ပိုကရို ဝဲ၍ တွဲလွဲကျနေလေသည်။ ဖွံ့ဖြိုးသော ကိုယ်အထက်ပိုင်းနှင့် ချပ်ရပ်စွာ ဝတ်ထားသော နံ့သာရောင် ပိုး အင်္ကျီမှာ အသားဝါကလေးနှင့် တစ်သွေးတည်း ဖြစ်နေလေရာ ရောင်စုံနိုင်လွန် ဖန်ပေါင်းချောင်တို့၏အကြားဝယ် တစ်မူ ထူးခြားနေပေ၏။ ကြက်သွေးရောင်ရောင် ပိုးကတ္တီပါ ထဘီသားမှာ ခါးလည်တွင် သိမ်ထားရာမှ တဖြည်းဖြည်း ဖွံ့ထားလာသော တင်ပါးနှင့် လျားလျားထင်ထင်၊ အချိုးအဆက် ပြေပြစ်ပေါ်လွင် တမင်ဆင်ထားသလို ဖြစ်နေပေသည်။ အထူးခြားဆုံးနှင့် အလှတွင် အယဉ်ဆင့်ထားပုံမှာကား တော်ဝင်သည့် ပန်းသဇင်ကိုမှ သုံးလေးခက် ရောယှက်ကာ နားရွက်အထက်နားဆီ၌ ကန့်ကလျ ပန်ဆင်ထားခြင်းပင် ဖြစ်၏။

တွေ့လျှင်တွေ့ချင်း မိတ်ဆက်ကြစဉ်အခါက ကိုဘသော်အဖို့ မျက်နှာတွင် သွေးများယုတ်ကာ လက်နှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်၏ အဖြစ်မှာ သိပ်သိပ်သည်းသည်းဖြင့် ချစ်ချင်စရာ ကောင်းနေသော အနှင်း၏ မပျက်သုဉ်းသေးသည့် အလှအပတို့ကြောင့် မဟုတ်။ ဗမာပီပီ ကျက်သရေရှိလှသော မျက်နှာပေါက် အနေအထားနှင့် ဆေးမကူ မင်မသားသော မျက်ခုံးနှစ်ဖက်အောက်မှ ပြည့်ဝန်းဝန့်ရဲသော

mgyoe.com

mgyoe.com



မျက်လုံးညိုကြီး နှစ်စုံကြောင့်လည်း မဟုတ်၊ အလုတွင် အယဉ်ဆင့်သလို နားအထက်ဆီမှ ကနွဲ့ကလျဖြင့် သုံးလေးခက် ရောယှက်ကာ ပန်ဆင်ထားသော တော်ဝင်သည့် ပန်းသဇင်ကို အမှတ်မထင် မြင်လိုက်မိသောကြောင့်သာလျှင် ဖြစ်၏။

ကိုဘသော်အဖို့ သဇင်ကို မြင်လျှင် မူးချင်သလိုလို၊ ဝေချင်သလိုလို ဖြစ်လာတတ်၏။ သဇင်နံ့ကို ရှူမိလျှင် ရင်တလှပ်လှပ် လှိုက်ဖို၍ နှလုံးသားကိုက ကတုန်ကယင်ကြီး ဖြစ်လာတတ်၏။ သူ့မှာ သဇင်ပန်းကိုလည်း မမြင်လို၊ သဇင်နံ့ကိုလည်း မခံလို၊ သဇင်စကားကိုသော်မှ နားဝယ်မကြားလိုခဲ့။

သို့သော် ထိုနေ့ညကျကာမှ ဤသဇင်တစ်ခက် နှစ်ခက်နှင့် ပက်ပင်းကြုံခဲ့ရသည်မှာ သူ့အတွက် အဆိုးလော၊ အကောင်းလောဟု မပြောတတ်နိုင်အောင်ပင် ဖြစ်နေရပေသည်။ မည်သို့ပင်ဖြစ်စေကာမူ သူသည် သဇင်ခက်နှင့် သဇင်ခက်ပိုင်ရှင်အပေါ်တွင် သိသိသာသာ စိတ်ဝင်စားလျက် ရှိမိသည်မှာတော့ အမှန်ပဲ ဖြစ်၏။

ဤပွဲတွင် အလှူရှင်၏ ခြေသည်းလက်သည်း ဖြစ်နေသော ကိုတင်ဖေက ကိုဘသော်အား အိမ်ရှေ့ဉပစာ ဧည့်ခံဝိုင်းသို့ ဖိတ်ခေါ်သွားလေသည်။ လင်သည်၏ မိတ်ဆွေရင်းတစ်ယောက် ဖြစ်နေပေသမို့လည်း မေမေတင်ကပါ ဧည့်ခံဝိုင်းသို့ လိုက်ပို့၏။ ထို့ကြောင့် အနှင်းမှာလည်း မေမေတင်တို့နှင့်အတူ ပါလာရပေသည်။

ဧည့်လွတ်သော ဝိုင်းတစ်ဝိုင်းတွင် ကိုတင်ဖေနှင့် ကိုဘသော်က တစ်ဖက်၊ မေမေတင်နှင့် အနှင်းတို့ကတစ်ဖက် ထိုင်မိကြ၏။ ကိုတင်ဖေသည် သူ့ဧည့်သည်အတွက် စားဖွယ်သောက်ဖွယ်များ လှမ်းမှာပေးလေသည်။ ကိုဘသော်ကမူ သူ့ရှေ့သို့ ချပေးသာ စီးကရက်ဘူးထဲမှ တစ်လိပ်မီးညှိသောက်ရှူကာ အနှင်းအား စေ့စေ့ရဲရဲ မကြည့်ဝံ့တိုင်း ကိုတင်ဖေ

mgyoe.com

mgyoe.com



ဘက်သို့သာ တစောင်းလှည့်ရင်း စကားဟိုပြောသည်ပြော ပြောနေမိသည်။ သူ့ ဤမျှ ချောက်ချောက်ချားချား ဖြစ်နေရခြင်းကိုလည်း သူ့ကိုယ်သူ စိတ်ထဲက ကျိတ်၍ ဒေါသဖြစ်နေရ၏။

ခဏကြာလျှင်ပင် အပြင်မှ မျက်နှာသိ ဧည့်သည်တစ်သုတ်ရောက်လာသဖြင့် ကိုတင်ဖေက ခရီးဦးကြိုပြုရန် နေရာမှ ခွင့်တောင်း၍ထသွားလေသည်။ ထိုအခါ မေမေတင်က တစ်လှည့် ဧည့်ဒိုင်ခံနေရ၏။ တစ်ဖန်–

"မေမေကြီးက မမတင်ကို ခဏတဲ့" ဟု အလှူ့ဒါယကာမအိမ်ကြီးရှင်က အခေါ်လွှတ်လိုက်ပြန်သောအခါ မေမေတင်မှာ "ကိုင်း... ခဏ စကားပြောရစ်ကြဦးနော်" ဟုသာ မှာကြားကာ ကောက်ကောက်ပါအောင် လိုက်သွားပြန်သည်။ ဧည့်သည်တစ်ယောက်တည်း ထားပစ်ခဲ့ကာ မေမေတင့်နောက်သို့ ထက်ကြပ်လိုက်သွားရန်မှာလည်း ယဉ်ကျေးမှုကို သိနားလည်နေသော အနှင်းအတွက် တစ်ခက်၊ နှစ်ယောက်တည်းမျက်နှာချင်းဆိုင်မနေရစ်လိုသော သဘောကို ပြသောအားဖြင့် သူ့လိုဧည့်သည် မိန်းမပျိုတစ်ယောက်အား လူပုံအလယ်တွင် တစ်ကိုယ်တည်းထားရစ်ကာ စားသောက်လက်စ စားပွဲဝိုင်းမှ ရုတ်ခြည်း ထပြန်သွားရမည် ဆိုသည်မှာလည်း ယောကျ်ားရင့်မကြီးတစ်ယောက် ဖြစ်နေသောကိုဘသော်အတွက် တစ်ခက်။

နှစ်ယောက်သား ကြောင်တက်တက်နှင့် ရှေ့ငုံတိတ်ဆိတ် ဖြစ်နေကြရာမှ စကားအရာတွင် ကြွယ်ဝလှသော မန္တလေးသူပီပီ အနှင်းကပင်စတင်၍ အခက်နှစ်ရပ်ကို ရင်ဆိုင်လိုက်ပေသည်။

"မောင်ကြီးက စစ်ဘက်ရောက်နေတာ အတော်ကြာသွားပြီလား"

အမှန်အားဖြင့်လည်း ကိုဘသော်မှာ အနှင်းအဖို့ အစ်ကိုအကြီးဆုံးအရွယ်ခန့်ဖြစ်နေ၍ အနှင်းမှာလည်း ကိုဘသော်အဖို့ နှမအထွေးဆုံး

mgyoe.com

mgyoe.com


အရွယ် ဖြစ်နေလေသည်။

"ဟုတ်ပါတယ်၊ စစ်ဖြစ်လို့ တော်လှန်ရေး စကတည်းက ဆိုပါတော့"

"မောင်ကြီးက မန္တလေးသားပဲလား"

"ဟင့်အင်း၊ မဟုတ်ပါဘူး။ ရွှေဘိုကပါပဲ"

"ဪ... ဟုတ်လား၊ အနှင်းတို့ ဘကြီးတစ်ယောက်တောင် ရွှေဘိုမှာ ရှိတယ်။ မင်းရပ်ဈေးနဲ့ နီးနီးမှာပဲ ပွဲရုံ ထောင်ထားတယ်"

ကိုဘသော်၏ အမူအရာမှာ သိပ်စိတ်ဝင်စားပုံ မပေါ်သဖြင့် အနှင်းက ဆက်မပြောတော့ပေ။

ညဉ့်ပရိသတ် အနည်းငယ် စဲသွားသဖြင့် တီးဝိုင်းဆီမှ သီချင်းခံ့ကြီး တစ်ပုဒ်၏ ဂီတသံမှာ ပို၍ ပြတ်သားစွာဖြင့် ငြိမ့်ညောင်း သာယာပေသည်။ လရောင်မှာလည်း ပို၍ တောက်ပလာသလို အောက်မေ့ရ၏။ တစ်ချက်တစ်ချက် ဝှေ့လာသော မြောက်လေ၏ အတွေ့ကလည်း ပို၍ အေးမြလာလေသည်။

"အောင်မယ်၊ ကိုးနာရီတောင် ထိုးပါပေါ့လား"

နှစ်ယောက်သား စကားအတန်ကြာ ပြတ်သွားရာမှ ကိုဘသော်က နာရီကို မော့ကြည့်ကာ ပြောလိုက်မိသည်။

"ဟုတ်ပါရဲ့၊ မမတင်တို့ လင်မယားကလည်း တစ်ခါတည်း ပေါ်မလာတော့ဘူး။ အပြန်လိုက်ပို့မယ် ဆိုပြီးတော့"

"ဘယ်ကို ပြန်ရမှာတုံး" ကိုဘသော်က စီးကရက် တစ်လိပ် ထပ်ညှိသောက်ရင်း မေးလိုက်လေသည်။

"ကျောက်သွေးတန်းကိုပါပဲ။ မောင်ကြီးကကော"

"နန်းတော်ထဲ ပြန်ရမှာပေါ့။ ကျုပ်လည်း အရင်တုန်းက ကျောက်သွေးတန်းမှာ ခဏခဏ လာနေဖူးတယ်။ ကျုပ် မိန်းမလည်း ကျောက်

mgyoe.com

mgyoe.com



သွေးတန်းကပဲ။ ဟိုတုန်းကပေါ့လေ”

ကိုဘသော်မှာ သူ့ဟာသူပြော၍ သူ့ဟာသူ မျက်နှာပျက်နေလေသည်။ ရင်ထဲကလည်း တလှပ်လှပ် ဖြစ်လာပြန်သဖြင့် သူ့ဟာသူ ဖုံးဖိလိုသောသဘောနှင့် စီးကရက်ကိုသာ နင်းဖွာနေလေသည်။

“နို့… မောင်ကြီးမိန်းမက ခု ဘယ်မှာမို့လဲ”

“မရှိတော့ဘူးကွဲ့”

ပြောရင်း သူ့အသံက နင့်တင့်တင့် ဖြစ်လာလေသည်။ စီးကရက်ညှပ်ထားသော လက်ပင်လျှင် တုန်တုန်ယင်ယင် ဖြစ်လာသည်ကို အနှင်းက အံ့သြစွာ အကဲခတ်လိုက်မိသည်။

“အို… ဘာဖြစ်လို့ပါလိမ့်” အနှင်းကပင် စိတ်မကောင်း လက်မကောင်းဖြစ်ကာ ကိုယ်ကလေး ရှေ့ညွှတ်ရင်း မေးလိုက်သေးသည်။

“သူလား၊ သေပြီ။ မရှိတော့ဘူး ဆုံးပြီ”

* * *

## (၃)

ထိုညက ကိုတင်ဖေမှာ ဘုရားကိုးဆူ ဆွမ်းကပ်ပွဲဖြင့် ဧည့်ခံသောအိမ်မှာပင် နေရစ်ရသဖြင့် သူ့ဇနီးနှင့် အနှင်းကို ကိုဘသော်၏ ကားကြုံနှင့် ပြန်ထည့်လိုက်သည်။ ကိုဘသော်မှာ ပထမ အနှင်းတို့ အိမ်သို့လိုက်ပို့ရ၍ ဧည့်ဝတ်ပြုသော ကော်ဖီပူပူကို သောက်ရင်း နာရီဝက်ခန့် စကားစမြည် ပြောခဲ့ရသေး၏။ နောက် မေမေတင်ကို လိုက်ပို့ခဲ့ရ၏။ ပြီးမှ တပ်ထဲသို့ ပြန်ခဲ့ရပေသည်။

တစ်ညလုံး အိပ်လို့ပင် မပျော်နိုင်ခဲ့။ သူ့မှာ ရင်တလှပ်လှပ်ကလည်း မပျောက်သေး။ နှလုံးအခုန်ကလည်း မရပ်သေး။ သူ့နှာခေါင်းတွင် သဇင်နံ့သင်းသင်းကလေး စွဲနေသေး၍ မျက်စိထဲတွင် သဇင်ခက်ကလေး

mgyoe.com

mgyoe.com



တွေကိုပဲ မြင်နေမိသေး၏။

သူသည် သဇင်နံ့ကို မခံရဲ၊ သဇင်ခက်ကို မကြည့်ရဲ၊ သဇင်ဆိုလို့ နားကပင် မကြားရဲ။ သူသည် သဇင်ကို အကြောက်ကြီး ကြောက် သလောက် အမုန်းကြီး မုန်း၏။ သဇင်နံ့ကိုရတိုင်း လဲ့လဲ့ကိုသာ သတိရ ၏။ သဇင်ကို မြင်ရတိုင်း လဲ့လဲ့ကိုသာ တသ၏။ သဇင်ဆိုလို့ ကြားရ တိုင်း လဲ့လဲ့အတွက် ကြေကွဲခဲ့ရ၏။

သူနှင့် လဲ့လဲ့ လက်ထပ်ပြီး၍ ခြောက်လကျော်ကျော်ခန့်မျှသာ ရှိသေးသည်။ ဘီဘီတီစီ ကုမ္ပဏီအတွက် သစ်များ သိမ်းဆည်းရန် ကန်ထရိုက်တာအဖြစ် ကိုဘသော်သည် ကောလင်းနယ်မှ ဘူးတောင်း ခံဇား သစ်ကွင်းသို့ အလုပ်တာဝန်ဖြင့် ဆင်းခဲ့ရ၏။ "သံဝါဖြောက်ဖြောက် ဆီးနှင်းပေါက်လည်း မိုးလောက်ပြင်းထန်" သည့် မဲဇာတောင်ခြေ သစ် တောအတွင်း အနေဆင်းရဲ၊ အစားဆင်းရဲ၊ အသွားအလာ ဆင်းရဲစေကာ မူ၊ ချစ်စ၊ ခင်စ၊ ကြင်နာစ ချစ်ဇနီးအလှ လဲ့လဲ့က သူနှင့်ပင် ဆောင်းရာသီ တစ်ပတ်လုံး အတူလိုက်၍ နေရှာ၏။ ထိုစဉ်ကဆိုလျှင် လဲ့လဲ့မှာ ကိုယ် ဝန်သန္ဓေနုနုကို လွယ်ပိုက်စပြုနေရပြီ ဖြစ်၏။ သားရဲတိရစ္ဆာန် ထူပြော လှသဖြင့် ခြေတံရှည် ယာယီတည်းအိမ်၌ သစ်တပ်ကာ၍ အကျဉ်းချ ထားခံရသလို နေခဲ့ရသော်လည်း လဲ့လဲ့အဖို့ မောင်အနားမှာရှိသဖြင့် တစ်အားပင် တက်ရသေး၏။

နေရောင်ခြည်ဖြာ၍ ခြေခင်းလက်ခင်းသာသော နေ့များတွင် မောင်နှင့်အတူ လမ်းလျှောက်ထွက်ရသည်မှာ လဲ့လဲ့အဖို့ ပျော်စရာကြီး ဖြစ်နေတတ်သေး၏။

ကိုဘသော်က လဲ့လဲ့ အညောင်းမိမည်စိုးသဖြင့် ခဏခဏ လမ်း လျှောက်ထွက်ပေးတတ်သည်။ ထိုအခါမျိုးတွင် သစ်ခွကြားမှ သဇင် ပန်းကလေးများ၊ ကျောက်ချပ်ကြားမှ ရောင်စုံဖယောင်းပန်းကလေးများကို

mgyoe.com

mgyoe.com



တွေ့ရတိုင်း ရှားပါးသော ပန်းကိုမှ ရွေး၍ တယုတယ ခုံခုံမင်မင် ချစ်တတ်ပေသော လဲ့လဲ့က မရအရ ပူဆာတတ်ပေရာ ချစ်သော မောင်ကလည်း ခဲခဲယဉ်းယဉ်းပင် ဖြစ်စေကာမူ အရဆွတ်ယူ၍ပေးလေ့ရှိသဖြင့် လဲ့လဲ့မှာ ပျော်လိုက်တဲ့ဖြစ်ခြင်း။

တစ်နေ့တွင် မောင်ပြန်လာချိန်လုနီး သစ်တပ်ဝမှ ထွက်၍ကြို့ရင်း တစ်ခုသော ပင်အမြင့်ထက်က ချပ်ချပ်ရပ်ရပ် တွယ်ကပ်ကာ ထွက်နေသော သဇင်ခက်ကလေးများကို မြင်မိသော လဲ့လဲ့သည် လောဘဇောဖက်မိသဖြင့် မိန်းမသားတစ်ယောက်အနေနှင့် အန္တရာယ်ကိုပင် တင်ကြို၍ မတွက်မိတော့ဘဲ အပင်ပေါ် ကိုယ်တိုင်တက်၍ ဆွတ်ခူးရန် ကြိုးစား၏။ သဇင်အုံကို လက်ကမ်းရင်း ခြေလှမ်းတစ်ဖက်က ကိုင်းခက်တစ်ခုပေါ် အနင်းလိုက် ဆတ်ခနဲ ကျိုးကျသွားလေရာ...။

ကျောက်တုံးတစ်တုံးပေါ်တွင် ခေါင်းတင်၍ စိတ်ချလက်ချ အိပ်ပျော်နေသလို ဆံပင်များမှာ ဖားလျားကလေး ပြေကျနေလေသည်။ ပက်လက်ကလေး အနေအထားတွင် ခြေတစ်ဖက်က ခပ်ဆန့်ဆန့်၊ ခြေတစ်ဖက်က ခပ်ခွင်ခွင်ကလေး ကွေးနေလျက်၊ လွယ်ပိုက်စ ပြုနေရှာပြီဖြစ်သော သန္ဓေပေါ်တွင် လက်တစ်ဖက်တင်ကာ ဘေးသို့ ခပ်ကားကားကျနေသော လက်တစ်ဖက်၌မူကား သဇင်ခက်ကလေးများကို ကျစ်ကျစ်ရစ်ရစ် ဆုပ်ထားလျက်ပင် ရှိ၏။ နှုတ်ခမ်းစပ်ထောင့်မှ အိမို့မို့ ပါးပြင်ကိုဖြတ်ကာ စီးဆင်းနေကြသော သွေးတို့မှာ ခါးတွင် ဝတ်ထားသော ပိုးတွန့်ထဘီ အနီကလေးနှင့် အရဲချင်း ပြိုင်သလို ဖြစ်နေပေသည်။

ထိုပုံသဏ္ဍာန်ကား ကိုဘသော် မျက်စိထဲမှ တစ်သက်ပန် ဘယ်တော့မှ ပျောက်ပြယ် ထွက်ပြေးသွားတော့မည် မဟုတ်သည့် ထင်ကရ ပုံသဏ္ဍာန်ပင် ဖြစ်ပေသည်။

ထို့ကြောင့် ကိုဘသော်သည် သဇင်ကို စိတ်နာ၍ သဇင်ကို စက်

mgyoe.com

mgyoe.com


ဆုပ်၏။ သဇင်ကို မုန်း၍ သဇင်ကို ကြောက်၏။ သို့စဉ်လျက်လည်း ညဦးကပင် သဇင်နှင့် ကြုံရပြန်သည်။ သဇင်နှင့် ဆက်၍ ဆွေးကွက်ဖော်ရာ၌ အတွေးနက်၍ နက်၍လာကာ တစ်ချက်တစ်ချက် အနှင်းဘက်သို့ အာရုံရောစွက် ပါလာသည်ကိုလည်း သူက သတိမူမိပါသေး၏။

(၄)

အားရက်တစ်ရက်တွင် ကိုတင်ဖေ၏ ဖိတ်ခေါ်ချက်ဖြင့် မေမြို့အနီးစခန်းရှိ ကိုတင်ဖေပိုင် ခြံသို့ ပျော်ပွဲစား ထွက်ခဲ့ကြ၏။ ကိုတင်ဖေ၏ ကားမှာ အရေးထဲကျကာမှ စက်နှိုးမရအောင် ချို့ယွင်းနေသဖြင့် မူလ ကားနှစ်စီးဖြင့် သွားကြရန် အစီအစဉ်ကို ဖျက်ပြီးလျှင် ကိုဘသော်၏ ဂျစ်ကားနှင့်ပင် ကျပ်ကျပ်တည်းတည်း ခရီးထွက်ခဲ့ကြသည်။

လူမသိ၊ အုံ့ပုန်းပူဖြစ်နေသော ကိုဘသော်၏ အခြေအနေကို အကဲခတ်မိသည့် ကိုတင်ဖေက သူ့မိတ်ဆွေ မုဆိုးဖိုကို ကြိုးလျှို၍ ဖမ်းရန် စိတ်ကူးမိလေရာ အိမ်ထောင်ပျက်တို့၏ စိတ္တဇကို နောက်အိမ်ထောင် တစ်ဆက်ဖြင့်သာ အသင့်လျော်ဆုံး ကုစားနိုင်မည် ဟူသော ယုံကြည်ချက်ဖြင့် 'အနှင်း' ကိုပါ နီးစပ်လို နီးစပ်ငြား ယဉ်ပါးအောင် ဖိတ်ခေါ်လာခဲ့လေသည်။

တကယ်ဆိုတော့ နီးစပ်ဖွယ်ရာ မျှော်လင့်ချက်လည်း ရှိပေသည်။ ကိုဘသော်မှာ ယခင်တစ်ခါကကဲ့သို့ အနှင်းကို မြင်လျှင်မြင်ခြင်း အန္တရာယ်တစ်ခုကို ရင်ဆိုင်ရဘိအလား မျက်နှာသေ့းဆုတ်၊ ဖြူဖပ်ဖြူရော်၊ ကတုန်ကယင် အသွင်လက္ခဏာမျိုး မရှိတော့ဘဲ ယခုအကြိမ်တွင် ရွှင်ရွှင်ပျပျ ပြုံးပြုံးရယ်ရယ်နှင့် စကားခပ်ကြွယ်ကြွယ်ပင် ပြောတတ်ဖော်ရနေပြီ ဖြစ်၏။ အနှင်းကလည်း ဟိုနေ့က သဇင်ပန်း၏နေရာတွင် နှင်းဆီပွင့်ဖြူဖြူကလေး တစ်ပွင့်တည်းသာ ခပ်ယဉ်ယဉ် စိုက်ပန်ထားပေ၏။

mgyoe.com

mgyoe.com



အနီးစခန်းက ခြံထဲသို့ရောက်၍ စားကြသောက်ကြပြီးသည်နှင့် တုံးလုံးပက်လက် လှဲသူ လှဲ၍ ခြံအတွင်း လျှောက်ကြည့်သူ ကြည့်ကြ၏။ အခြေအနေကို စောင့်ဆိုင်း အကဲခတ်နေသော ကိုတင်ဖေက အဆင်ပြေပြေနှင့် အချိန်ရနိုင်လောက်သော လွတ်လပ်ခွင့်ကို တတ်နိုင်သလောက် ဖန်တီးပေးခဲ့သောအခါ ကိုဘသော်နှင့် အနှင်းမှာ သူတို့နှစ်ယောက်တည်း စကားတပြောပြောနှင့် ခြံစွန်းတစ်နေရာသို့ ရောက်ရှိနေကြောင်း သတိမမူမိကြ၏။

"လွင်ပြင်မှာ နေရတာနဲ့ တောရိပ်တောင်ရိပ်အလယ်မှာ နေရတာ ဘယ်သင်းကို ပိုသဘောကျသလဲဟင် အနှင်း"

"အနှင်းအဖို့လား၊ အစ်ကိုကြီး။ အနှင်းတော့ အခုလို တောရိပ်တောင်ရိပ်နဲ့ သာယာတဲ့နေရာကို သဘောကျတာပဲ။ အစ်ကိုကြီးကကော"

ယခင်က 'မောင်ကြီး' ဟု ခေါ်ခဲ့ရာမှ 'အစ်ကိုကြီး' ဟူသော အသုံးအနှုန်းသို့ ပြောင်းလဲလာခြင်းမှာလည်း တစ်နည်းအားဖြင့် ရင်းနှီးမှုကို ပြလျက် ရှိ၏။ တည်ကြည်၍ ဂုဏ်သိက္ခာရှိပုံရသော အနှင်း၏ ရိုးသားမှုအပေါ်မှာတော့ ကိုဘသော်က ပေါ့ပေါ့တန်တန် မစဉ်းစားခဲ့ပါ။

"အစ်ကိုကြီးလည်း အခုလို ပတ်ဝန်းကျင်မျိုးကိုပဲ သဘောကျတယ်။ ဆိတ်ငြိမ်တယ်။ ဆိတ်ငြိမ်တဲ့ ပတ်ဝန်းကျင်ထဲမှာနေရတာ စိတ်နှလုံး အေးချမ်းတယ်။ လူတွေဟာ စိတ်အေးချမ်းတဲ့နေရာမှာမှ စိတ်ကောင်း၊ နှလုံးကောင်း မွေးနိုင်တယ် အနှင်းရဲ့။ အစ်ကိုကြီးဖြင့် သောကများရတဲ့ စစ်မှုထမ်းဘဝက ထွက်ပြီး အခုလို နေရာမှာ အေးအေးလူလူ စိုက်ပျိုးစားနေချင်တာပဲ"

"တစ်ယောက်တည်း နေသွားနိုင်ရင်တော့ အေးချမ်းမှုရမှာ အမှန်ပဲ အစ်ကိုကြီး၊ ဒါပေမဲ့ အစ်ကိုကြီးမှာ အဖော်မရှိဘဲ တစ်သက်လုံး နေသွားနိုင်မှာလား"

mgyoe.com

mgyoe.com


"အင်း... အဖော်လား၊ အဖော်ဆိုတာကတော့ လိုအပ်တာပဲ။ အင်းလေ... ကိုယ်နဲ့ သဘောချင်း ညီပြီး အကြိုက်ချင်းတူမယ့် အဖော် ဆိုရင်တော့"

ကိုဘသော်သည် စကားကို ရှေ့မဆက်တော့ဘဲ ရပ်ပစ်လိုက်ပြီး လျှင် ခပ်ဝေးဝေးဆီက တောင်ညိုတန်းကြီးဆီသို့ ငေးကြည့်နေမိလေ သည်။

နောက် နှစ်ယောက်သား စကားမပြောဘဲ ဆက်၍ လျှောက်လာ ကြရာမှ လျှိုတစ်ခု၏ နှုတ်ခမ်းစပ်သို့ ရောက်လာကြလေသည်။

"ဒီနေရာကလေးက ကြည့်ရတာ တစ်မျိုးပဲ။ ကိုယ် ကြားဖူးတဲ့ (Lover's Lane) ဆိုတာ ဒီနေရာမျိုးနဲ့ တူတယ်"

အနှင်းက ဘာမှမပြော လျှိုဘက်သို့ ငုံ့ကြည့်နေလေသည်။ နောက် ခေါင်းမော့လိုက်ရာ လျှိုတစ်ဖက် ကမ်းပါးစပ် သစ်ပင်ပေါ်မှ သဇင်ပန်းအုံကို လှမ်းမြင်လိုက်မိသည်။ အနှင်းက ဝမ်းသာအားရ–

"အလို... အစ်ကိုကြီး၊ ဟိုမှာကြည့်စမ်း။ ဟိုသစ်ပင်ခွကြားမှာ တွေ့လား။ သဇင်ပန်းတွေလေ။ လှလိုက်တာ၊ အစ်ကိုကြီးရယ်။ အနှင်း လိုချင်လိုက်တာ" ဟု ပြောရင်း လက်ညှိုးကလေးထိုး၍ ကိုဘသော်အား ပြလေသည်။

ကိုဘသော်၏ မျက်နှာမှာ ချက်ချင်း ညိုပုပ်သွားကာ အနှင်းအား ဆတ်ခနဲ လှည့်ကြည့်လိုက်လေသည်။ အနှင်းကမူ ဘာမျှမသိရှာ။

"နော်... အစ်ကိုကြီး၊ ချစ်စရာနော်။ လှလိုက်တာ၊ အစ်ကိုကြီး အနှင်းဖို့ ခူးပေးပါလားဟင်"

အနှင်းခမျာမှာ လိုချင်ဇောနှင့် ကိုဘသော်၏ လက်မောင်းကိုပင် ဆုပ်၍ လှုပ်ရင်း ကလေးဆန်ဆန် ပူဆာလိုက်မိသေးသည်။ ကိုဘသော် ကမူ ခက်ထန်သော မျက်နှာထားကြီးဖြင့် အံကိုပင် ကြိတ်လိုက်ရင်း

mgyoe.com

mgyoe.com


အနှင်း၏ ပခုံးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ–

"ဘာ… ဘာ… သဇင် ဟုတ်လား၊ မကြားချင်ဘူး၊ မကြားချင်ဘူး" ဟု ခါးခါးသီးသီး အော်အော်ဟစ်ဟစ်နှင့်ပင် အနှင်းအား ဆောင့်တွန်းပစ်ခဲ့ပြီးလျှင် ချာခနဲ လှည့်ထွက်သွားတော့သည်။

မြက်ခင်းပေါ်သို့ အားအရှိန်ဖြင့် လက်နှစ်ဖက် ထောက်ကာ လဲကျသွားရှာသော အနှင်းကမူ သူ့အပေါ်တွင် ဒေါသထွက်ရမည်ထက် ရုတ်တရက် ချက်ချင်း စိတ်ဖောက်ပြန် ရူးသွပ်သွားသည့်ပမာ အပြောင်းအလဲ မြန်ဆန်လှစွာသော ကိုဘသော်၏ အပြုအမူကိုသာ မဝေခွဲနိုင်အောင် အံ့ဩတကြီးဖြစ်ကာ ကျန်ရစ်ရှာလေသည်။

* * *

## (၅)

ကိုဘသော်သည် ဘယ်သူ့ကိုမှ အကြောင်းမကြား၊ ဘယ်သူ့ကိုမှ နှုတ်လည်း မဆက်သွားဘဲ သူ့ကားကို သူ တက်မောင်းကာ မန္တလေးသို့ အပြင်း ပြန်ဆင်းလာခဲ့သည်။ သူ့အခန်းသို့ ရောက်လျှင် တံခါးကို အလုံပိတ်ကာ ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ရင်း နေ့လယ်က ရှောင်တခင် အဖြစ်အပျက်ကို တအံ့ငွေးငွေးဖြင့် ပြန်၍ တွေးနေမိပါသည်။ စိတ်လှုပ်ရှားမှု ပြင်းထန်လွန်းသဖြင့် သူ့မှာ နေမထိ ထိုင်မထိဖြစ်ကာ အိပ်ရာပေါ် ပစ်လှဲလိုက်၊ ထထိုင်လိုက်၊ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေလေသည်။ တစ်လိပ်ပြီး တစ်လိပ် မီးညှိသောက်ထားသော စီးကရက်တိုများမှာလည်း ဆေးလိပ်ခွက်မှ လျှံကျကာ ကြမ်းပြင်ပေါ်မှာပင် ပြန့်ကျဲနေတော့သည်။

သူ၏ ပြုမူခဲ့ပုံကိုလည်း သူ့ဘာသာသူပြန်၍ သတ္တုချကြည့်မိ၏။ ယောကျ်ားကောင်း တစ်ယောက်အနေနှင့် ရိုင်းပျရာ ကျသွားသလား၊

mgyoe.com

mgyoe.com


အနှင်းကကော သူ့အပေါ်မှာ ဘယ်လိုထင်မြင်သွားလိမ့်မလဲ။

သို့သော် သူ့အဖို့ ငရဲပန်းနှင့်တူသော သဇင်ပန်းကိုဖြင့် ဘယ်နည်းနှင့်မှ မကြည့်နိုင်၊ မမြင်ရက်နိုင်ခဲ့။

သူ့မှာ စိတ်နှလုံး ချမ်းမြေ့ပျော်ရွှင်ဖွယ်ရာအခါမျိုး ဆိုက်ရောက်တိုင်း၊ ဆိုက်ရောက်တိုင်း အဘယ်ကြောင့် သည်သဇင်ပန်းက လမ်းမှဖြတ်၍ အမြဲတမ်း ဖျက်လိုဖျက်ဆီး လုပ်ရသနည်း။ ပြည်ပန်းညို ချိုလှလှမှာ အဘယ်ကြောင့် ဆားက ကြားဝင်၍ ခုလို ရသနည်း။

ဘာမဟုတ်သည့် သဇင်ပန်းကြောင့်ပင် သူ့မှာ လဲ့လဲ့ကို ဆုံးခဲ့ရ၏။ အခုလည်းပဲ အနှင်းအပေါ်တွင် မသိမသာ အာရုံညွှတ်ပျောင်းစပြုနေသောအခါ ရောက်ပါမှ ဘာမဟုတ်သည့် သဇင်ပန်းကပင် သပ်လျှို၍ ခွဲချေဦးအံ့လော။ မာရ်နတ်ဆန်၍ အစိမ်းသူရဲ ပူးကပ်သလို ဖြစ်နေသော 'သဇင်' က သူ့ဘဝမှာ အခုလိုပဲ အနှောင့်အယှက်ပြုရန် ခြိမ်းခြောက်နေသည်ဟုပင် တစ်ယူသန်စွဲ၍သာ နေမိသည်။

သဇင်ပန်းကိုပဲဖြစ်ဖြစ်၊ သဇင်ပန်းနှင့် ဆက်စပ်လျက်ရှိသော အတိတ်အကြောင်း အရာတွေကိုပဲ ဖြစ်ဖြစ် မေ့ပစ်နိုင်ဖို့ ကောင်းပါ၏။ သို့သော် သူ့အတွက်တာမှာတော့ မဖြစ်နိုင်။ သဇင်နံ့သင်းတိုင်း အတိတ်ဆိုး၊ နိမိတ်ဆိုးကဲ့သို့သာလျှင် အောက်မေ့နေမိသည်။

အဝိဇ္ဇာကက အသက်ကင်းသော မမှုလောက်သည့် ပန်းသဇင်ကို အဘယ်ကြောင့် ဤမျှလောက် ကြောက်ရွံ့နေစရာ လိုပါသနည်း။ ဤကဲ့သို့ သဇင်ပန်းအပေါ်တွင် အတိတ်ဆိုး၊ နိမိတ်ဆိုးအဖြစ် အယူစွဲလျက်ရှိသော သူရဲဘောနည်းသည့် စိတ်ကိုသာ အချိန်မီ နှိပ်ကွပ်မပစ်ဘဲ အလျှော့ပေးကာ မျှောလိုက်သွားမည်ဆိုပါက သူ၏ စိတ်ဝမ်းအေးချမ်းမှုကို အနှောင့်အယှက်ပြုနေသော အန္တရာယ်သည် ပို၍ ပို၍သာ ကြီးမားလာဖွယ် ရှိ၏။ ဤနည်းဖြင့် သူ့ဘဝသည် အကြောက်လွန်သော ရောဂါ

mgyoe.com

mgyoe.com


ကြောင့် ရေတိမ်နစ်ဖို့သာ ရှိ၏။ ဤနည်းဖြင့် သူသည် စိတ္တဇတစ်မျိုးကြောင့် သူရူးတစ်ယောက်သာ ဖြစ်ချေတော့မည်။ သူ့မှာ ကြွင်းကျန်ရစ်သေးသော စိတ်ဓာတ်ခွန်အားကလေးများ ဆုံးပါးမသွားရလေအောင် အချိန်မီ ယောကျ်ားကောင်းတစ်ယောက်၏ သတ္တိမျိုး မွေးရပေလိမ့်မည်။

အနှင်းကတော့ သူ့အား အရူးတစ်ယောက် ဒါမှမဟုတ် ရိုင်းပျသော လူသားတစ်ယောက်ဟု ယူဆသွားပေတော့မည်။ စင်စစ် မိမိ၏ အစွဲအလမ်းကြီးမှု၊ အကြောက်လွန်မှု၊ အယူသီးမှုတို့ကို အနှင်းခမျာ သိနားလည်ရှာမည်မဟုတ်ပါ။ တန်ဖိုးမရှိသည့် သဇင်ကလေး တစ်ခက်၊ နှစ်ခက်ကြောင့် အဓိပ္ပာယ်မရှိ စိတ်ယောက်ယက်ခတ်ကာ မိန်းမသားကလေးတစ်ယောက်အပေါ်တွင် ရက်ရက်စက်စက် ဆက်ဆံခဲ့ပုံမှာ ခွင့်မလွှတ်ထိုက်လောက်အောင် ကျူးလွန်မိခဲ့သော အမှားတစ်ရပ်ပင် မဟုတ်ပါလား။

ဤအမှားကိုတော့ သူသည် ရိုးသားစွာ ဝန်ခံ၍ တောင်းပန်ရပေလိမ့်မည်။ အကောင်းဆုံးနည်း တောင်းပန်ဖို့က ပူပူနွေးနွေး အပြစ်သိပ်မလေးမီ အနှင်းအတွက် သူကိုယ်တိုင် နေ့လယ်တုန်းကနေရာသို့ ထွက်၍ သဇင်ခက်ကလေးများ ဆွတ်ချူပေးရန်သာဖြစ်သည်ဟု ဆုံးဖြတ်လိုက်မိပေသည်။

ကိုဘသော်မှာ စိတ်မြန်လက်မြန် ရှိလှ၏။ ယခုထက်ထိ မလဲလှယ်ရသေးသော နံနက်ကတည်းက ဝတ်စားထားသည့် အဝတ်အစားများနှင့်ပင် ကားကို ကိုယ်တိုင်မောင်းကာ မေမြို့လမ်းသို့ တက်လာခဲ့သည်။ သူ ထွက်လာတော့ နေမှာ ဝင်လုနီးနေပြီ ဖြစ်၏။ ၂၁ မိုင်မရောက်မီ မိုးစုံးစုံးချုပ်ပြီ ဖြစ်သဖြင့် သူသည် ကားကို ခပ်ကြမ်းကြမ်း ခပ်မြန်မြန်ပင် မောင်းလာလေသည်။

လရောင်ကတော့ ဝိုးတဝါး ရှိပါ၏။ သို့သော် တောင်ခိုးများ

mgyoe.com

mgyoe.com


ဝေ၍ မြူနှင်းတွေ ဆိုင်းကျလာသဖြင့် မှိုင်းပျပျ ဖြစ်နေလေသည်။ တစ်ခါတစ်ရံ ထူထပ်သော တိမ်တိုက်မိုးသားတို့က လရောင်ကို ပိတ်ကွယ်လိုက်သောအခါ ကားလမ်းတစ်ဝိုက် မှောင်မိုက်မိုက် ဖြစ်နေလေသည်။ ကားမီးရောင်သည် တကယ်တမ်း ကျဆင်းလာသော တောင်ရိုးတန်းက ဆီးနှင်းထုကို မထိုးဖောက်နိုင်။ နာရီဝက်သာသာခန့်အတွင်း သူသည် အနီးစခန်းသို့ ရောက်လာ၏။ သို့သော် နေ့လယ်က ပျော်ပွဲစားထွက်ခဲ့သော ခြံအနီးသို့ ရောက်သောအခါ ခြံတွင်းသို့ တောက်လျှောက်မဝင်တော့ဘဲ လမ်းမြောင်ကြားကလေးအတိုင်း သူနှင့် အနှင်းတို့ တွေ့ခဲ့သော သဇင်ခက်ရှိရာ သစ်ပင်ကြီးဆီသို့ ခပ်ဖြည်းဖြည်း လိုမ့်မောင်းလာခဲ့သည်။

သူသည် ကမ်းပါးစောင်းဘေးတွင် ကားကို ထိုးရပ်လိုက်ကာ အပင်ထက်သို့ မော့ကြည့်လိုက်၏။ သူ့ခေါင်းပေါ်တည့်တည့်တွင် ချပ်ချပ်ရပ်ရပ် ကပ်လျက်ရှိသော သဇင်အုံကို တွေ့ရသည်။ လရောင်ရိပ်ထိုးကျနေသဖြင့် ဖြူလွလွ သဇင်ခက်ကလေးများကိုပင် မြင်နေရသည်။ ထိုအခါကျမှ သဇင်သည် လရောင်နှင့်ဟပ်ကာ သဘာဝကျကျ ချစ်စဖွယ်လှနေသည်ကို သူကိုယ်တိုင် ဂရုပြုမိသည်။ သူ ထင်သလို ကြောက်စရာ မဟုတ်။ သူ ထင်သလို အစိမ်းသရဲ မဟုတ်။ ယခုမူ သူသည် သဇင်ကို ရဲရဲကြီး ကြည့်ဝံ့ပေပြီ။ သဇင်ကို မြတ်နိုးတတ်လာပေပြီ။

ကိုဘသော်သည် အပင်ထက်သို့ ပေါ့ပါးစွာတက်ကာ သဇင်ခက်တွေကို အုံလိုက်ခွာ၍ ယူခဲ့၏။ သူ့အဖို့ စစ်ပွဲတစ်ပွဲကို အောင်နိုင်ခဲ့ရသလို အတော်ပင် နှစ်သိမ့်ခြင်း ဖြစ်မိရ၏။ သူ့စိတ်ကိုလည်း သူ နိုင်ခဲ့ပေပြီ။ သူ့တစ်သက်တာတွင် သဇင်ကို ဘယ်တော့မှ ကြောက်ရွံ့နေဖို့ မလိုတော့ပါ။

နက်ဖြန်မနက်ဆိုလျှင် ဤသဇင်ပန်းတွေမှာ အနှင်း၏ ရင်ခွင်ထဲသို့ ရောက်ရပေတော့မည်။ မဥ္ဇူသကနတ်ပန်းကို ဆွတ်ချူ၍ ပေးနိုင်

mgyoe.com

mgyoe.com


သော သူရဲကောင်းကြီးသဖွယ် သူ ဆောင်ကြဉ်းဆက်သသည်။ သဇင်ခက်ကလေးများသည် အနှင်း၏ ခေါင်းထက်ဝယ် တဝေဝေ မြင်ရပေတော့မည်။ သဇင်နံ့သင်းသင်းကလေးကို အားပါးတရ နှစ်ခြိုက်မက်မောစွာ ရှိုက်နမ်းနေရှာမည့် အနှင်း၏ သွင်ပြင်ပုံသဏ္ဌာန်ကိုပင် သူ့မျက်စိထဲက မြင်ယောင်နေမိသေး၏။ အနှင်းခမျာ ဘယ်လောက် ဝမ်းမြောက်ဝမ်းသာဖြစ်လိုက်ရှာမလဲ။ သည်လိုဝမ်းသာတယ်ဆိုရင်ပဲ ကိုဘသော်အဖို့ ညကြီးမင်းကြီး ခရီးဝေးပြေး၍ ဆွတ်ခူးပေးရခြင်းအတွက် ဆုကြီးလာဘ်ကြီးတစ်ခုပင် ဖြစ်ရပေမည်။

ကိုဘသော်သည် သဇင်ပန်းများကို ရင်ခွင်ပိုက်ကာ ကားဆီသို့ ပြန်လာပြီးလျှင် လမ်းအတိုင်း ခပ်သွက်သွက် မောင်းထွက်ခဲ့၏။ နှင်းထုက ပိုကျလာ၍ အအေးဓာတ်က လွန်ကဲလာ၏။ သဇင်ခက်များကို ဆုပ်ကိုင်ရင်း ကားလက်ကိုင်ကို ထိန်းလာသော လက်များပင် ထုံကျဉ်လာလေသည်။ သို့သော် ဝေဒနာကိုပင် မှုမထားမိ။ ကားမောင်းရင်း သဇင်ပန်းများကိုသာ တစိမ့်စိမ့် ကြည့်လာရင်း အတွေးနက်လာမိလေသည်။ အကြောက်ကြီးကြောက်ခဲ့သော အရာဝတ္ထုတစ်ခုကို အောင်နိုင်လိုက်ပြီဖြစ်သဖြင့်လည်း သူ့မှာ တစိမ့်စိမ့် နှစ်သိမ့်မှု ဖြစ်နေလေသည်။ သို့သော် သူ၏ နှစ်သိမ့်မှုမှာ အိပ်မက်လိုသာ ဖြစ်နေလေသည်။ အသက်မရှိသော သဇင်ပန်းကလေးများကပင် အသက်ပြန်ဝင်လာသလို သူ့အား စကားပြောနေကြသည်ဟုပင် အောက်မေ့လာပြန်၏။

"ခင်ဗျား နိုင်ပြီလို့ မအောက်မေ့နဲ့။ ခင်ဗျား ကျုပ်တို့လက်က ဘယ်တော့မှ မလွတ်ဘူး" ဟု ပြောနေသလိုလို။

"ကျုပ်တို့ကို မုန်းရင် ကျုပ်တို့နဲ့ ဝေးရောလို့ ခင်ဗျား ထင်ခဲ့တယ်။ ခင်ဗျား ကျုပ်တို့နဲ့ ကင်းကင်းနေနိုင်မယ်လို့လည်း ထင်ခဲ့တယ်။ ကျုပ်တို့ကို ကြောက်တဲ့စိတ် မရှိတော့ဘူး။ ကျုပ်တို့ကို အောင်နိုင်ပြီလို့လည်း

mgyoe.com

mgyoe.com


ခင်ဗျား အောက်မေ့ခဲ့တယ်။ ဒါပေမဲ့ အခု ခင်ဗျား၊ ကျုပ်တို့နဲ့ မကင်းသေးဘူး။ ကျုပ်တို့လက်ထဲကလည်း မလွတ်သေးဘူး”ဟု ခြိမ်းခြောက်နေသလိုလို။

ကိုဘသော်၏ နဖူးတွင် ကြောက်စိတ်ကြောင့် ချွေးများပင် သီးထွက်လာလေသည်။ သို့သော် သူသည် သဇင်ခက်များကို မလွတ်ဘဲ ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ စိမ့်၍ စိမ့်၍ ကြောက်လာတိုင်း တိုး၍ တိုး၍သာ ဆုပ်ထား၏။

“ခင်ဗျားက ကျရောက်လာမယ့် ကံကြမ္မာကို လမ်းချော်ပေးနိုင်မယ်လို့ ယုံနေတယ်လား။ ကျုပ်တို့ရဲ့ သတ္တိကို အန်တုနိုင်မယ်လို့လည်း ထင်စားနေတယ် မဟုတ်လား။ အနှင်းရဲ့ အချစ်ကို ယူပြီး ကျုပ်တို့အပေါ်မှာ ကြောက်နေတဲ့ စိတ်တွေကို မေ့ပစ်ဖို့ ကြိုးစားနေတယ် မဟုတ်လား၊ မရဘူး။ ခင်ဗျား အနှင်းကို ဘယ်တော့မှမရဘူး”

ကျိန်ဆဲသံကိုသာ ကြားယောင်ယောင်ဖြစ်နေသော ကိုဘသော်သည် သူ့ကားကိုပင် စိတ်တည်ငြိမ်စွာဖြင့် မထိန်းနိုင်အောင် ဖြစ်လာလေသည်။ လရိပ်ကို တိမ်တိုက်လွှားသွားသဖြင့် နှင်းထုကြားက လမ်းကိုပင် မမြင်တစ်ချက် မြင်တစ်ချက်။

တစ်ဆစ်ချိုးကွေ့၍ ကွေ့၍ ဆင်းရသော နေရာသို့ ရောက်နေပြီဖြစ်သည့်တိုင်အောင် ကိုဘသော်မှာ အကယ်ပင် ကျိန်စာသင့်ခံရသလို ကယောင်ချောက်ချား ဖြစ်နေလေသည်။ သဇင်၏ သင်းပျံ့ပျံ့ အနံ့သည် ပင်လျှင် သူ့အဖို့ စူးရှသော မေ့ဆေးကဲ့သို့ ဖြစ်လာလေ၏။

အရှိန်မသတ်မိဘဲ မောင်းလာသော ကားသည် ချောက်ကမ်းပါး စွန်းတစ်ခု၏ နှုတ်ခမ်းနားသို့ ရောက်လုတော့မှပင် ရုတ်တရက် သတိပြန်လည်လာသော ကိုဘသော်သည် မော်တော်ကားဘရိတ်ကို ကြောက်လန့်တကြား ဆောင့်နင်းလိုက်ပါသေး၏။ သို့သော် ကိုဘသော်ကား

mgyoe.com

mgyoe.com


နောက်ကျပေပြီတကား။

နောက်တစ်နေ့ ပထမဆုံး မေမြို့မှ ဆင်းလာသော ခရီးသည် ကားတစ်စီးက ကြေမွနေသော ကားပျက်နှင့် ခပ်လှမ်းလှမ်းတွင် ပက်လက်ကလေး လွင့်စဉ်ကျနေသော ကိုဘသော်၏အလောင်းကို တွေ့ကြရသည်။

ကျောက်တုံးတစ်တုံးပေါ်တွင် ခေါင်းတင်၍ စိတ်ချလက်ချ အိပ်ပျော်နေသလို ပက်လက်အနေအထားတွင် ခြေတစ်ဖက်က ခပ်ဆန့်ဆန့်၊ ခြေတစ်ဖက်က ခပ်ခွင်ခွင် ကွေးနေလျက် လက်တစ်ဖက်တွင်ကား ကျစ်ကျစ်ပါအောင် ဆုပ်မြဲဆုပ်လျက်သားပင် ရှိနေသေးသော သဇင်ခက်ကလေးများ။

ရှုမဝမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၅၅။

❐

mgyoe.com

mgyoe.com

# ပြန်လာလေ နှောင်းကာမှ

## (၁)

'အကြံတူလျှင် ရန်သူ' ဟူသော စကားပုံတစ်ခုတော့ ရှိ၏။ သို့သော် သူနိုင်ငါရှုံး ဟူ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ရမည့် အကျဉ်းအကျပ်မျိုး မဆိုက်ရောက်သေးသောကြောင့်ပေလားဟု မပြောတတ်၊ 'မခင်မှုံ' ၏ အချစ်ကို အပြိုင်အဆိုင်ရယူနိုင်ရန် ကြိုးစားကြရာ၌မူ တစ်ဦးနှင့်တစ်ဦး ရန်သူလို သဘောမထားခဲ့ကြပေ။ ဤသည်မှာ တစ်ယောက်နှင့် တစ်ယောက် လည်ပင်းဖက်၍ ကြီးပြင်းခဲ့ကြရသော ငယ်သူငယ်ချင်းနှစ်ယောက် ဖြစ်ကြသည့် စောလှိုင်နှင့် ဘမင်းတို့၏ မူလစိတ်ရင်းစေတနာရင်းများသာ ဖြစ်ကြ၏။

သူတို့နှစ်ယောက်စလုံးမှာ သက်တူရွယ်မျှများဖြစ်ကြ၍ နှစ်ဖက်စလုံးသော မိဘများမှာလည်း ကိုယ်ပိုင် ကျောက်တွင်းထောင်ကြကာ တစ်ဖက်ကလည်း ကျောက်အရောင်းအဝယ်များ လုပ်ကြသေးသဖြင့် မိုးကုတ်၊ ကျပ်ပြင်၊ ကသဲနယ်မြေတစ်ဝိုက်တွင် နာမည်ကလေးရှိကြသူများ ဖြစ်ကြပေသည်။ ဘမင်း၏ မိဘများမှာ မိုးကုတ်ဇာတိ မဟုတ်၊

mgyoe.com

mgyoe.com



ဘမင်း၏ ဖခင်က ရွှေဘိုနယ်၊ 'ညောင်ပင်သာ' ဇာတိဖြစ်၍ ဘမင်း၏ မိခင် ရွှေဘိုသူကို ခိုးယူထွက်ပြေးခဲ့ရာမှအစ ကသဲတွင် သောင်တင်ကာ တစ်စတစ်စ ကိုယ်ပိုင်လုပ်ငန်း အခြေတည် ကြီးပွားခဲ့သူ ဖြစ်ပေသည်။

စောလှိုင်တို့ မိသားစုကသာလျှင် မိုးကုတ်နယ်ဇာတိ ဖြစ်ကြ၏။ ရိုးသားသော နယ်သူနယ်သားများပီပီ မိရိုးဖလာ လက်ငုတ်လက်ရင်း ဖြစ်သော ကျောက်တွင်းလုပ်ငန်းကိုသာလျှင် အားကိုးတစ်ခုပြုကာ စီးပွား ရှာခဲ့ကြသည်။ ကျောက်တွင်းလုပ်ငန်းဆိုသည်မှာလည်း လုပ်အား၊ ငွေ အားရှိတိုင်း အောင်မြင်ကြီးပွားတတ်သည် မဟုတ်သေး။ ကုသိုလ်ကံ အဖေးအမကလေး ထောက်ကူပါမှလည်း ထင်သလောက် ထမြောက် တတ်သော လုပ်ငန်းမျိုး ဖြစ်၏။ ယနေ့ ထက်ဝက်စား ဖက်စပ် တွင်းတူး သမားအနေမှ နက်ဖြန် သောင်းကျောက်၊ သိန်းကျောက် အောင်၍ ချက် ချင်း ထကြီးပွားတတ်သူများလည်း ရှိ၏။ တစ်နေ့ရနိုး၊ တစ်နေ့ အောင်နိုး ဖြင့် မျှော်တလင့်လင့် အားကိုးရာမှ တစ်စတစ်စ စရိတ်မျှ မကာမိ၊ လုံး ပါးပါးသွားရရှာသူများလည်း ရှိတတ်၏။ သို့သော် စောလှိုင်တို့၏ မိဘများမှာမူ ရှေးဘိုးဘွားလက်ထက်ကပင် ရိုးသားမှု၊ ကြိုးစားမှုများကို အခြေခံ အရင်းတည်လာခဲ့ကြသူများဖြစ်ခြင်းကြောင့် သိန်းနှင့်သန်းနှင့် ချီ၍ မကြီးပွားခဲ့ကြသည့်တိုင်အောင် လောကီ၊ လောကုတ္တရာ အကျိုး နှစ်ဖြာကို လူချင်းတူတူ အဆင့်အတန်းမိမိ ခံစားနိုင်ကြသူများဖြစ်ကြ သည်ဟူ၍တော့ ဆိုနိုင်ပေသည်။

ထိုခေတ်ကဆိုလျှင် ကျောက်အရောင်းအဝယ်နှင့် ပတ်သက်၍ အမြော်အမြင် ကျယ်ပြန့်ကြသည်တော့ မဟုတ်၊ မိမိတို့ထုတ်ကုန်ကို နိုင်ငံခြား ဈေးနားများသို့ တိုက်ရိုက်တင်ပို့ ရောင်းချနိုင်ဖို့ ဝေးစွ၊ ကိုယ့် တိုင်းပြည်အတွင်း၌ပင် ပုံ့နှံ့အောင် ကိုယ်တိုင် ဖြန့်ဖြူးနိုင်ခြင်းမရှိခဲ့ကြ သေးပေ။ အဖိုးတန်ပစ္စည်းကို အဖိုးတန်မှန်းသိ၍ အဖိုးတန်သလောက်

mgyoe.com

mgyoe.com


အကျိုးခံစားခွင့်ဟူသမျှ တင်းပြည့်ကျပ်ပြည့် အပိုင်စီးထားကြသူများမှာ နိုင်ငံခြားသားကြီးများသာလျှင် ဖြစ်၏။ ဒုတိယ အကျိုးခံစားရသူများမှာ ကိုယ်တိုင်လည်း မလုပ်၊ အရင်းအနှီးလည်း ဟုတ်တိပတ်တိ မထုတ်ဘဲ ကျောက်ကုန်သည် ယောင်ယောင်၊ ပွဲစားယောင်ယောင်နှင့် ဖြတ်စား လှျပ်စား လုပ်လိုကြသော အောက်ပြည်အောက်ရွာက လူရေတတ်များ ဖြစ်ကြ၏။ ပင်ရင်းဌာနေက လူတွေမှာမူ အရိုးအရင်းမျှလောက်သာ လျှင် လုပ်ရင်းကိုင်ရင်း ကိုယ့်ပစ္စည်းကိုယ် ဝေစုရသကဲ့သို့ ဖြစ်နေရပေ သည်။ သို့သော် ထိုခေတ်က ကျောက်တွင်းဖြင့် အသက်မွေးရသူများမှာ မရှိမရှားဆိုသလို အနေအထိုင် အတော်အတန် ချောင်ချိခဲ့ကြ၏။

ထိုခေတ်က မိုးကုတ်နယ်မြေ၏ ထူးခြားချက်တစ်ရပ်မှာ ခေတ် ပညာ အရည်အချင်း၊ ခြောက်တန်း ခုနစ်တန်းမျှလောက် တတ်မြောက်ပြီ ဆိုသည်နှင့် စာသင်ခန်းကို စွန့်ကာ စီးပွားရေးနယ်ထဲသို့ ရောက်ရှိလာ တတ်ကြခြင်းပင် ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုလျှင် အေ–ဘီ–စီ၊ ဒီကို အရင်းတည်ထားသော ခေတ်ပညာ ဆိုတာကိုပင် သူတို့က အထင်မကြီး ကြခြင်းပင် ဖြစ်၏။ အထူးသဖြင့် "ပတ္တမြားမြေကို ခြေဖြင့် နင်း၍ ကြီး ပြင်းခဲ့ရသူများ" ဟူသော မာနကလေးမျိုး ရှိတတ်ကြခြင်းကြောင့်လည်း သူတို့ကိုယ်သူတို့ ဘယ်တော့မှ ငတ်ပြတ်သေကျေလိမ့်မည် မဟုတ်ဟု ယုံကြည်ခဲ့ကြ၏။ ရတနာကို ခြေဖြင့် နင်းထားရသော သူတို့၏ ဘဝကို လည်း သူတို့ အားကိုး၏။ ထို့ကြောင့် ကိုယ်စီကိုယ်င အလုပ်လုပ်တတ် ကြသည်။ ကြိုးစားပမ်းစားလည်း ရှိကြသည်။ ယောကျ်ားသနှာ လူငယ် လူရွယ်ကလေးများကို မဆိုထားဘိ သာမန် အမျိုးသမီး လုံမငယ်များပင် လျှင် ရောင်းဝယ်တာ၌ဖြစ်ဖြစ်၊ စိုက်ပျိုးရေး၌ဖြစ်ဖြစ် ယောကျ်ားများနှင့် ရင်ပေါင်တန်းကာ တာဝန်ကိုယ်စီ ထမ်းဆောင်တတ်ကြပုံမှာ ဂုဏ်ယူ စရာလည်း ကောင်း၊ အားကျစရာလည်း ကောင်းလှပေသည်။

mgyoe.com